မြန်မာခရစ်ယာန်မိဿဟာယအသင်းတော်
Burmese Christian Fellowship

# †Newsletter - သတင်းလွှာ

Enjoy free reading from B.C.F. ___ Volume 11/Issue 6 / June / 2018

# Happy Father's Day

## Sunday, 6 - 13 - 2018

*Blessed is the man*
*who trusts in the LORD,*
*whose confidence is in him.*

*They will be like a tree*
*planted by the water*
*that sends out its roots*
*by the stream.*

*It does not fear*
*when heat comes;*
*its leaves are*
*always green.*

*It has no worries*
*in a year of drought*
*and never fails*
*to bear fruit."*

*Jeremiah 17:7-8 (NIV)*

## Dad!

*In your eyes,*
*I see God's Love.*

*In your words,*
*I've heard His Wisdom.*

*Through your life,*
*I've found His Grace.*

*Lay your hands upon me,*
*I feel God is by my side.*

*I love you … Dad!!*

## B.C.F. 2018, June Sunday Events

June 2018 — Your source for calendars

| Sunday | Monday | Tuesday | Wednesday | Thursday | Friday | Saturday |
|---|---|---|---|---|---|---|
| 27 | 28 | 29 | 30 | 31 | 1 | 2 |
| 3 | 4 | 5 | 6 | 7 | 8 | 9 |
| 10 | 11 | 12 | 13 | 14 | 15 | 16 |
| 17 | 18 | 19 | 20 | 21 | 22 | 23 |
| 24 | 25 | 26 | 27 | 28 | 29 | 30 |

*6/ 03/ 2018*
*Holy Communion Sunday*
~~~~~~~~~~~~~~~

*6/ 10/ 2018*
*Regular Sunday Service*
~~~~~~~~~~~~~~~

*6/ 17/ 2018*
*Father's Day Worship Service*
~~~~~~~~~~~~~~~

*6/ 24/ 2018*
*Regular Sunday Service*
~~~~~~~~~~~~~~~

**Worship Place & Mailing Address**
Burmese Christian Fellowship
1337 Farmstead Ave.
La Puente, CA 91745

**Worship Service**
Sunday Worship… 2:00 PM
Sunday School… 2:15 PM
Youth Activity… 2:15 PM

**Prayer Meeting**
Every Saturday, 2:00 PM

**Bible Study**
Sunday, 1:00 PM (Except 1st Sunday of the month)

*For more information, please visit www.bcfla.org*

# ဘ၀၏အလင်းရှင်

-နိုင်လင်း-

ကမ္ဘာမြေကို
အမှောင်ဖြိုခွင်း
အလင်းဆိုက်ရောက်
တောက်ပရောင်ခြည်
ပို့ဆောင်သူက
ဓမာန္ဒေလ .. ယေရှုဘုရား။

အလင်းနတ္ထိ
လောကတွင်းဝယ်
ကျင်လည်ကြစဉ်
မှောင်မိုက်မြေတွင်
လမ်းပျောက်နေသော
လောကီသားတွေ
အလင်းရှင်ကို
လိုချင်တောင့်တ
လောကမြေပြင်
ထွန်းလင်းဖို့ရန်
လူ့ဇာတိခံ
ဓမာန္ဒေလ .. ကြွဆင်းလာခဲ့။

အမှောင်ထုတွင်း
အလင်းသယ်ဆောင်
ကယ်တင်ရှင်ကို
တွေ့မြင်ခဲ့ပြီ
သွေးတော်တန်ခိုး
သူ၏တန်ဖိုး .. သိနားလည်ခဲ့။

ကျွန်ုပ်ရဲ့ဘ၀
လူတိုင်းဘ၀
ရှေ့ဆက်ခရီး
မျှော်လင့်ချက်တွေ
လှပဝေဆာ
အိုးမြေပမာ
ပုံဖေါ်သူဟာ .. ကိုယ်တော်ပါဘဲ။

သမိုင်းတကွေ့
တွေ့ကြုံရမည့်
ကားတိုင်ပေါ်က
ကိုယ်တော်ပြုတဲ့
လုပ်ဆောင်ချက်က
ကမ္ဘာတခွင်
အမှောင်ခွင်း၍
အလင်းဆောင်ခဲ့
အသက်သခင်
အလင်းရှင်အား
လောကီသားတို့ .. တွေ့ကြုံခဲ့ပြီ။

ကာလနောက်ဆုံး
ပျောက်ဆုံးဝိညာဉ်
ချိန်မနှောင်းခင်
ဘုရားရှင်ရဲ့
နှုတ်ထွက်စကား .. နာကြားရန်လို။

အိုချစ်မိတ်ဆွေ
ငါ့ဒေသနာ
ဧဝံဂေလိ
သမ္မာတရား
သင်တို့ကြား၍
ဝိညာဉ်အလင်း
ရရှိဖို့ရန်
လက်ခံယုံလျှင်
ကောင်းကင်နိုင်ငံ
တံခါးပေါက်သို့
ဝင်ရောက်လိမ့်မည်
ကိုယ်တော်ဘုရား .. မိန့်ကြားခဲ့၏။

# ဖခင်၏အစွမ်းသတ္တိ

ယုံကြည်ခြင်း၌တည်ကြလော့။ ယောကျ်ားအစွမ်းသတ္တိနှင့်တကွ ခွန်အားစုံလင်လျက်နေကြလော့။
ခပ်သိမ်းသောအမှုတို့ကို ချစ်ခြင်းမေတ္တာစိတ်နှင့်ဆောင်ရွက်ကြလော့။ ၁ကော၊ ၁၆း၁၃–၁၄

ဖခင်များနေ့တွင် လူကြီးမင်းဖခင်များကို ဂုဏ်ပြုသောနေ့ဖြစ်ပေရာ၊ ယောကျ်ားဟူသည့် ဂုဏ်ရည်နှင့်အညီ အသက်ရှင်ခြင်း အကြောင်း ပြောကြပါစို့။ ကျွန်တော်တို့က ဖခင် ဟုအခေါ်ခံရသည့်အတိုင်း ကိုယ်ကိုမတ်၊ ရင်ကိုကော့ကာ၊ ယောကျ်ားပီသစွာနှင့် ကြံ့ခိုင်ပုံပေါက်ရန် ဟန်ပြင်၍ ကြိုးစားသော်လည်း ၎င်းသည် အပြင်ပန်းသာဖြစ်သည်။ အားထုတ်လုပ်နေမှု၊ ဟန်ပြမှုများမှန်သမျှ မှန်းသလောက် စံမမီကြောင်းကို မိမိဖာသာသိသည်။ ယုံကြည်ချက်အပြည့်ရှိနေပုံ ပေါ်နေပါလည်း နောက်ကွယ်တွင် ကြောက်ရွံ့မှု၊ မလုံမလဲဖြစ်မှုနှင့် အားနည်းချက်များ အစုလိုက် အပြုံလိုက် ရှိနေသည်။ ကျွန်တော်တို့ ဖခင်ကောင်း ယောကျ်ားပီသခြင်းက လှည့်စားမှုသက်သက် ဟန်ပြမှုသာဖြစ်နေပါသည်။

"ငါတို့သည်လည်းအားနည်းသည်။" ဟုရှင်ပေါလုက လူသားပီပီ ဝန်ခံခဲ့သည် ။၂ကော ၁၃း ၄။

သို့သော်လည်း၊ ဘုရားသခင်ဖြစ်စေလိုသည့် အစွမ်းသတ္တိရှိ၍ ခွန်အားပြည့်သော ဖခင် ယောကျ်ားမျိုးဖြစ်ဘို့ရန်၊ မိမိကိုယ်ကို ဘုရားသခင်၏လက်တော်ထဲ အပ်နှံပြီး၊ ကိုယ်တော်၏တန်ခိုးတော်အစွမ်းအားဖြင့် ပြုပြင်ပုံသွင်းပေးပါရန် အသနားခံ တောင်းလျှောက်ရမည်။

ဘုရားသခင်သည် သူ၏ဘုန်းတော် ထင်ရှားစေရန် အတွက် ကျွန်ုပ်တို့ကို မတူညီသော စွမ်းရည်များ၊ ဝိညာဉ်ဆုကျေးဇူးများ ချပေးသနားထားပါသည်။ (ကော ၃း၂၃–၂၄) မိမိကိုယ်ကို ချီးမြှောက်ရန် မဟုတ်ဘဲ ဘုရားဘုန်းတော် ထင်ရှားစေရေး ရည်ရွယ်ချက်ဖြင့် အသက်ရှင်ပါက အခြားသူများက မည်သို့မည်ပုံကို ထင်မြင်ပါလေစေ၊ တွေးပူနေစရာမလိုပေ။ ဖခင်တည်းဟူသော အကောင်းဆုံး ဂုဏ်ပုဒ် /ဂုဏ်ထူး လက်ဆောင်မွန်ကို ဘုရားက ကျွန်ုပ်တို့ကို ချီးမြှင့်ပေးသနားတော်မူ၏။

ဖခင်တစ်ဦးအနေဖြင့် စိတ်နှလုံးပါလျက်၊ သားသမီးများအား မေတ္တာ၊ စေတနာ၊ ဂရုဏာဖြင့် ဖခင်ဝတ္တရားကျေပွန်စွာ လုပ်ဆောင်အစေခံခြင်းက မိမိ၏အကောင်းဆုံးကို မိမိအိမ်ထောင်မိသားစုအပေါ် ပေးဆပ်ခြင်း ဖြစ်သည်။ ထိုနည်းတူ၊ ဖခင်တစ်ဦး၏တာဝန်ကို အကောင်းဆုံးလုပ်ပြခြင်းဖြင့် ကိုယ်တော်ရှင်အားချီးမြှောက်ရာရောက်သည်။ သို့ဖြစ်၍၊ ဖခင်တစ်ဦး၏အကောင်းဆုံးနှင့် ရှိသမျှ အစွမ်းသတ္တိကို မိသားစုနှင့်သားသမီးများတို့အား ပေးဆပ်လုပ်ကျွေး ပြုစုရန်၊ ဘုရားသခင် အလိုတော်ရှိသည်။ သို့မှသာ၊ ဖန်ဆင်းခံလူသား ဘုရားသားသမီးများ အားဖြင့် ဘုရားရှင်၏ဘုန်းတော်နှင့်အလိုတော်သည် ဤလောက၌ ပြည့်စုံ၍၊ ဘုရားအမှုတော်မြတ်ကြီး ပြီးစီးမည် ဖြစ်သည်။

ဖခင်တစ်ဦးအတွက် ဘုရားသခင်၏တန်ခိုးတော်သည် စစ်မှန်သောအစွမ်း ဖြစ်သည်။
ယုံကြည်ခြင်း၌ ခိုင်မာစွာ တည်ကြည်ခြင်းသည် စစ်မှန်သောသတ္တိ ဖြစ်သည်။
ဘုရားရှင်ကျေးဇူးပြုခြင်း၌ အားယူဝမ်းမြောက်ခြင်းသည် စစ်မှန်သောခွန်အား ဖြစ်သည်။

# ယေရှုခရစ်တော်အားဖြင့်
# ။ ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကိုခံစားကြ၏ ။

ယုံကြည်ခြင်းအသက်ရှင်တဲ့အခါ အခက်အခဲဆုံးအရာက ဘုရားသခင်နဲ့ တစ်လုံးတစ်ဝတည်းဖြစ်ဖို့ပါ။ ကျွန်တော်တို့က ဘုရားသခင်နဲ့ တစ်လုံးတစ်ဝတည်း ဖြစ်ရင်၊ ဘုရားသခင်ရှေ့မှာ ကျွန်တော်တို့ရဲ့စိတ်ကို ထုတ်ဖော်ဝန်ခံရမှာဖြစ်ပေမဲ့ အဲဒီလိုလုပ်ဖို့ မလွယ်ကူပါဘူး။ လုပ်တော့ လုပ်ပေမယ့် ဘုရားသခင်ရှေ့မှာ အပြစ်အမှားအယွင်း လုပ်မိခဲ့တဲ့အရာများတဲ့ အတွက်ကြောင့် ဘုရားသခင်က ဝမ်းမြောက်စွာ လက်ခံပေးမှာ မဟုတ်လောက်ပါဘူး ဆိုပြီး ခံစားမိကြပါတယ်။ ဆုတောင်းစရာတွေ အများကြီးရှိပေမဲ့၊ “ ငါက ဘုရားသခင်ရှေ့မှာ အမှားလုပ်တာ အရမ်းများလို့ ဘုရားသခင်က ငါ့ကို လက်ခံမှာမဟုတ်ဘူး ”ဆိုပြီး၊ ဘုရားသခင်ရှေ့ ချဉ်းကပ်ဖို့ ခက်ခဲပါတယ်။

ကျွန်တော်တို့က အပြစ်မလွန်ကျူးဘဲ သန့်သန့်ရှင်းရှင်း အသက်ရှင်ပြီး၊ ဘုရားသခင်ရှေ့ အသက်ရှင်ဖို့ ဆိုတာ ခက်ခဲပါတယ်။ ကျွန်တော်တို့က လူသားဖြစ်တဲ့ အတွက် ဖြားယောင်းခြင်း အမျိုးမျိုး ရှိပြီး၊ စိတ်ပျော့လို့ လွယ်လွယ်နဲ့ မှောင်မိုက်ထဲမှာ ချုပ်နှောင်ထားခြင်း ခံရတတ်ပါတယ်။ ဒါကြောင့်၊ လူတွေက ယုံကြည်ခြင်းအသက်တာ၊ ဝိညာဉ်အသက်တာ၊ အသက်ရှင်ရင်း ကိုယ့်ရဲ့ အသေးအမွှားပုံစံထဲမှာ လွယ်လွယ်နဲ့ပြုတ်ကျ သွားတတ်ပါတယ်။ ကျွန်တော်တို့ရဲ့ပုံစံကို ကောင်းစွာသိတော်မူတဲ့ဘုရားသခင်က ကျွန်တော်တို့ကို ဒီအတိုင်းလိမ္မာစွာအသက်ရှင်ပါလို့ မပြောထားပါဘူး။ ကျွန်တော်တို့ကလည်း ကောင်းမွန်စွာ အသက်ရှင်ပေမဲ့ မရပါဘူး။ အပြစ်လွန်ကျူးမယ်ဆိုရင်ဘယ်လိုလုပ်ရမှာလဲ။ ကျွန်တော်တို့က ဘယ်လောက်ပဲ လိမ္မာစွာအသက်ရှင်ဖို့ ကြိုးစားပေမဲ့ ကျွန်တော်တို့က လူသားဖြစ်တဲ့အတွက်ကြောင့် မိမိကိုယ်ကိုမိမိ မသိလိုက်ခင်မှာဘဲ အပြစ်လွန်ကျူးမိပြန်တယ်။ ကျွန်တော်တို့က ဘုရားသခင်နှစ်သက်တဲ့အရာကို မလုပ်ပဲ၊ မနှစ်သက်တဲ့အရာကိုလုပ်မိတဲ့အခါ၊ ကျွန်တော်တို့က ဘုရားသခင်ရှေ့ ရဲရင့်စွာ မချဉ်းကပ်နိုင်တာ ဖြစ်သွားပါတယ်။

ကျမ်းစာကဘာပြောနေပါသလဲ။ ရောမ ၅း၁ “ထို့ကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင် – ” ဆိုပြီး ပြောနေပါတယ်။ ဖြောင့်မတ်ရာသို့ ရောက်တဲ့ အရာက ကျွန်တော်တို့က အပြစ် မလွန်ကျူးဘဲ လိမ္မာစွာ အသက်ရှင်လို့၊ ကြီးမားတဲ့ ယုံကြည်ခြင်း ရှိလို့ မဟုတ်ပါဘူး။ ယေရှုခရစ်က လက်ဝါးကားတိုင်မှာ အသေခံပြီး ကျွန်တော်တို့အပြစ် အားလုံးကို ဖြေရှင်းပေးခဲ့တာကြောင့် ကျွန်တော်တို့ ဖြောင့်မတ်ခြင်းရရှိခဲ့တာဖြစ်ပါတယ်။ ယေရှုခရစ်တော်က ကျွန်တော်တို့ အပြစ်အားလုံး ထာဝရဖြေရှင်းပေးခဲ့ပြီးနောက် ကျွန်တော်တို့က ဘယ်အချိန်ဖြစ်ဖြစ် ဘုရားသခင်ရှေ့ချဉ်းကပ်နိုင်အောင် လိုလေသေးမရှိ ပြုလုပ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ လွန်ကျူးတဲ့အပြစ်ရဲ့အပြစ်ဒဏ်ကို ယေရှုခရစ်တော်က အားလုံးခံပေးသွားခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ လွန်ကျူးခဲ့တဲ့ အပြစ်နဲ့ဆိုင်တဲ့အရာအားလုံး ကားတိုင်ပေါ်မှာ အဆုံးသတ်ပြီးပြီ ဖြစ်တဲ့အတွက် ကျွန်တော်တို့က ဘုရားသခင်ရှေ့ကို ရဲရင့်စွာ တိုးဝင်လို့ရပြီး ဖြစ်ပါတယ်။

ရောမ၊ ၅း၁ မှာ– “ ငါတို့ယေရှုခရစ် အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။ ” လို့ ရေးထားပါတယ်။ ကျွန်တော်တို့က ကိုယ့်ရဲ့အားနည်းချက်တွေကြောင့် ဘုရားသခင်နဲ့ဝေးကွာကြရမယ်ဆိုရင် တစ်ဘဝလုံး ဘုရားသခင်နဲ့တစ်လုံးတစ်ဝတည်းဖြစ်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့်ဘုရားသခင်က ယေရှုခရစ်အားဖြင့် ငြိမ်သက်ခြင်း၊ တစ်လုံးတစ်ဝဖြစ်ခြင်း၊ ခံစားစေတာဖြစ်ပါတယ်။ ကျွန်တော်တို့က ဘယ်လောက်ကြီးမားတဲ့ ဘယ်လိုမျိုး အပြစ်တွေလွန်ကျူးခဲ့တာဖြစ်ပေမယ့် ယေရှုခရစ်တော်ရဲ့အသွေးတော် အားဖြင့် အဲဒီအပြစ်အားလုံး ဆေးကြောသန့်ရှင်းပြီးပြီဖြစ်လို့ ဘုရားသခင်ရှေ့တိုးဝင်နိုင်တဲ့ ငြိမ်သက်ခြင်း ခံစားရတာဖြစ်ပါတယ်။

“ဘုရားသခင်၊ ကျွန်တော်က အားနည်းချက်များတယ်။ မပြည့်စုံပါဘူး။ ကျွန်တော်ဒီလို အပြစ်လွန်ကျူးမိခဲ့ပါတယ်။ ဒါပေမဲ့ အဲဒီအပြစ်တွေကြောင့် ကျွန်တော်တို့ ပျက်စီးခြင်းမရောက်နိုင်တဲ့အကြောင်းက ယေရှုခရစ်တော်ရဲ့အသွေးတော်က အဲဒီအပြစ်ရဲ့ အဖိုးအခ အားလုံးပေးဆပ်ခဲ့ပြီးဖြစ်လို့ ပါဘဲ။ ဘုရားသခင်၊ ကျွန်တော်က တကယ်ညစ်ပတ်တဲ့လူသားဖြစ်ပေမယ့် ကျွန်တော့်ကို စင်ကြယ်စွာ ဆေးကြောပေးခဲ့လို့ ကျေးဇူးတင်ပါတယ်။ ဒီလိုစိတ်နဲ့ ဘုရားသခင်ရှေ့ ရဲဝံ့စွာချဉ်းကပ်ရမှာဖြစ်ပါတယ်။”

လောကအသက်တာမှာ လျှောက်လှမ်းတဲ့အခါ၊ ကျွန်တော်တို့က ဘုရားသခင့်ကျေးဇူးတော်ကို အများကြီးလိုအပ်ပါတယ်။ ဒါပေမဲ့၊ ကျွန်တော်တို့က အသေးအမွှားကိစ္စကြောင့် ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး၊ ဘုရားသခင်ရှေ့သို့ မတိုးဝင်ရဲဘူးဆိုရင် ဘယ်လောက် ကြောက်စရာကောင်းမလဲ။ ဒါကြောင့်၊ ဘုရားသခင်က ကျမ်းစာထဲမှာ “ယေရှုခရစ်တော်အသွေးတော်အားဖြင့် သင့်ကို စုံလင်စွာဆေးကြောသန့်ရှင်းစေပြီး ငြိမ်သက်ခြင်းခံစားစေပြီ” လို့ ပြောခဲ့တာဖြစ်ပါတယ်။

ဘုရားသခင်ကကျွန်တော်တို့ကို ချစ်တဲ့အတွက်ကြောင့် ယေရှုခရစ်တော်ကို ယုံကြည်တဲ့ ယုံကြည်ခြင်းအားဖြင့် သူ့ထံတိုးဝင်ပြီး၊ ငြိမ်သက်ဝမ်းမြောက်ခြင်း ခံစားစေချင်နေပါတယ်။ ဘုရားသခင်ရဲ့နှုတ်ကပတ်တော်အတိုင်း လုပ်ဆောင်မယ်ဆိုရင် အားလုံးအဆင်ပြေပါတယ်။ ဒါပေမဲ့၊ ကျွန်တော်တို့က “ငါဆိုတာအားနည်းတယ်။ ယုံကြည်ခြင်းမရှိဘူး” ဆိုတဲ့ စိတ်ရှိနေတတ်ပါတယ်။ ဒါကြောင့်၊ ကိုယ်က ဆုတောင်းရင် ？ မတောင်းပေးဘူးလို့ ခံစားရတယ်။ ကိုယ်လုပ်တဲ့အရာမှာ ဘုရားသခင်က မကူညီဘူးလို့ ခံစားတယ်။ ကိုယ်ကဇေဝဇဝါလိုဟောပြောပေမဲ့လည်း ကယ်တင်ခြင်း လက်ခံတဲ့အရာ ဖြစ်လာမှာမဟုတ်ဘူးလို့ ခံစားနေပါတယ်။ လူတွေက စာတန်ပေးတဲ့ ဒီလိုအကြံအစည်မျိုးထဲမှာ ချုပ်ထားခြင်း ခံနေရပါတယ်။

အဲဒီလိုမဟုတ်ပါဘူး။ ယေရှုခရစ်တော်ရဲ့အသွေးတော်အားဖြင့် ကျွန်တော်တို့ရဲ့အပြစ်အားလုံး သန့်ရှင်းစွာ ဆေးကြောပြီးဖြစ်လို့ ကျွန်တော်တို့ကို အစဉ်အမြဲ ဝမ်းမြောက်စွာ လက်ခံပေးနေတဲ့ သူက ဘုရားသခင် ဖြစ်ပါတယ်။ ဒါကြောင့်၊ ကျွန်တော်တို့က ဘုရားသခင်ထံ တိုးဝင်တဲ့အခါ၊ ကိုယ့်အကျင့်နဲ့မသွားဘဲ၊ ယေရှုခရစ်တော် လုပ်ပေးပြီးတဲ့ အရာအရာကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်နဲ့ တစ်လုံးတစ်ဝတည်း ဖြစ်ခြင်းကို ခံစားရရှိတာ ဖြစ်ပါတယ်။ ဘုရားသခင်က ကျွန်တော်တို့ အားလုံးရဲ့ ဆုတောင်းသံကို နားထောင်ပြီး၊ ကျွန်တော်တို့ အထဲမှာ အသက်ရှင်ပြီး အလုပ်လုပ်နေတယ် ဆိုတဲ့ ယုံကြည်ခြင်းနဲ့ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။ “ ငါက ဘုရားသခင်နဲ့ တစ်လုံးတစ်ဝတည်း ဖြစ်လို့ ငါအလုပ်လုပ်တဲ့အခါ ငါ့ကို အကူအညီပေးမှာပါလား။ ငါ့ကိုစောင့်ရှောက်ပေးမှာပါလား၊ ကောင်းကြီးပြည့်ဝစေမှာပါလား ” ဆိုတဲ့စိတ်နဲ့ ဘုရားသခင်ရှေ့ ချဉ်းကပ်မယ်ဆိုရင် ဘုရားသခင်က ကျွန်တော်တို့ကို ကောင်းကြီးမင်္ဂလာ ကျေးဇူးတော်ကြွယ်ဝစေပါတယ်။ ကျွန်တော်တို့ကိုချစ်တော်မူပြီး ဝမ်းမြောက်တော်မူတဲ့ အတွက်ကြောင့် ကျွန်တော်တို့ကို ကောင်းကြီးမင်္ဂလာ အားလုံး သွန်းလောင်းပေးပြီး ကျွန်တော်တို့ အထဲမှာ အသက်ရှင် ပြုပြင်ပေးမဲ့သူက ဘုရားသခင် ဖြစ်ပါတယ်။ ။

◆ ကျေးဇူးတော် ◆

# မျက်ရည်နှင့် ယေရှုခရစ်တော်၏ခြေကိုဆေးသော အမျိုးသမီး



ရှင်လုကာခရစ်ဝင် အခန်းကြီး(၇) မှာပါတဲ့ အမျိုးသမီးက ဘုရားသခင်ရှေ့မှာ ကိုယ်ကျိုးလွှန်တဲ့ အပြစ်ကို သဘောပေါက်ပြီး အဲဒီအပြစ်ကြောင့် ဝေဒနာ ခံစားခဲ့ပါတယ်။

ဒါကြောင့်၊ ယေရှုတော်ခရစ်ဆီ ရောက်လာပြီး၊ မျက်ရည်နဲ့ ခရစ်တော်ရဲ့ ခြေကိုစိုစေကာ၊ ဆံပင်နဲ့သုတ်ပြီး၊ နာဒုဆီမွှေး သွန်းလောင်းခဲ့ပါတယ်။ ထိုအရာ အားဖြင့် သူက အပြစ်လွှတ်ခြင်း ရရှိခဲ့တာ တွေ့မြင်နိုင်ပါတယ်။ ကျွန်တော်တို့က ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို မရနိုင်တဲ့ အကြီးမားဆုံး အကြောင်းပြချက်ကတော့ စိတ်မြင့်တဲ့အတွက် ကြောင့်ဖြစ်ပါတယ်။ စိတ်မြင့်တယ်ဆိုရင် ဘုရားသခင်က ကျွန်တော်တို့အထဲမှာ ဘာမှ လုပ်ပေးလို့ မရပါဘူး။ ဒါကြောင့်၊ ဘုရားသခင်က ဒီနေ့လည်း ကျွန်တော်တို့ရဲ့ စိတ်နှလုံးကို နှိမ့်ချနိုင်ဖို့ရန်အတွက် အဆက်မပြတ် လုပ်နေရပါတယ်။

ရှင်လုကာ (၇း၃၆) မှာ ကြည့်ရင်၊ ယေရှုခရစ်တော်က ဖာရိရှဲတစ်ယောက်ရဲ့ အိမ်ကို အစာစားဘို့ ဝင်သွားခဲ့ပါတယ်။ ဒီအချိန်မှာ အဲဒီ ရပ်ကွက်မှာနေတဲ့ အပြစ်သား ဖြစ်တဲ့ မိန်းမတစ်ယောက်က ယေရှုခရစ်တော်ရှိတာကို သိတဲ့အခါ၊ ဆီမွှေး ကျောက်ဖြူ ခွက်ဖြူတလုံးကို ယူပြီး၊ ယေရှုခရစ်ခြေတော်ရင်းမှာ မတ်တတ်ရပ်ရင်း ငိုကြွေးခဲ့ပါတယ်။ ငိုကြွေးနေတဲ့ မိန်းမရဲ့ မျက်ရည်က ခရစ်တော်ရဲ့ ခြေတော်ပေါ် ကျတဲ့အချိန်မှာ မိန်းမက သူ့ရဲ့ ဆံပင်နဲ့ သုတ်၊ ခြေတော်ကို နမ်းပြီး ဆီမွှေးနဲ့ သွန်းလောင်းခဲ့ပါတယ်။ ယေရှု ခရစ်တော်က ဖာရိရှဲဖြစ်တဲ့ ရှိမုန်ကို “ငါက မင်းရဲ့ အိမ်ထဲဝင်လာတဲ့အခါ မင်းက ငါ့ကို ခြေဆေးရေတောင် မပေးခဲ့ပေမဲ့၊ ဒီအမျိုသမီးက မျက်ရည်နဲ့သုတ်ပေးတယ်။ မင်းက ငါ့ခေါင်းကို ဆီမလောင်းပေးပေမဲ့၊ ဒီမိန်းမက ငါ့ခြေထောက်မှာ ဆီမွှေးအစစ်နဲ့ သွန်းလောင်းပေးခဲ့တယ်။” လို့မိန့်တော်မူတယ်။ ထိုအရာအားဖြင့် သူမရဲ့ မြောက်မြားလှစွာသော အပြစ်ကို ဖြေရှင်းပေးသွားပါတယ်။

ဒီအကြောင်းအရာကို ဖတ်ကြည့်တဲ့အခါ၊ အမျိုးသမီးက ယေရှုခရစ်တော်ကို တခုခုလုပ်ပေးတဲ့အတွက် အဖိုးအခအဖြစ် အပြစ်ဆေးကြောခြင်း ရရှိသလိုမြင်ရပါတယ်။ ဒါပေမဲ့၊ အမျိုးသမီး မျက်ရည်နဲ့ ခြေတော်ကို ဆေးခဲ့တဲ့အတွက်ကြောင့်၊ ယေရှု ခရစ်တော်ရဲ ခြေတော်ကို ဆီမွှေးနဲ့သွန်းလောင်းခဲ့တဲ့အတွက်ကြောင့် အပြစ်ဖြေရှင်း သွားဆိုတာ ငါးရက်နေ့ဖြစ်တယ်။ (၅)ဆိုတာ ကျေးဇူးတော်ဂဏန်း ဖြစ်တယ်။ ဒါဝိဒ်က ဂေါလျက်ဆီသွားတဲ့အချိန်မှာ ကျောက်(၅)လုံး ယူသွားတယ်။ ဒါဝိတ်က ဘုရားသခင်ရဲ တန်ခိုးကို ယုံကြည်အားကိုးပြီး၊ ကျေးဇူးတော်အားဖြင့် နိုင်ပါတယ်။ တိုက်ပွဲနိုင်ဘို့ ကျေးဇူးတော်ကို အားကိုးတာ ဖြစ်တယ်။ မုယောမုန့် ငါးလုံးလည်း ကျွန်တော်တို့ အစွမ်းအစအားဖြင့် မတတ်နိုင်ပေမဲ့ သခင်ယေရှုကျေးဇူးပြုမယ် ဆိုရင် မုန့်ငါးလုံးနဲ့ လူငါးထောင်ကိုကျွေးဖို့လုံလောက် ပါတယ်။ ဒီအရာက ယုံကြည်ခြင်း အသက်တာ ဖြစ်ပါတယ်။

ဒုတိယမွေးဘွားခြင်းဆိုတာ ကျွန်တော်တို့ရဲ့ကြိုးစားခြင်း၊ ပညတ်တရားအကျင့်အားဖြင့် ဖြစ်နိုင်တာမဟုတ်ဘူး။ ရောမ (၃း၂၄) ဖတ်မယ်ဆိုရင် “ယေရှုခရစ်ရွေး နှုတ်တော်မူသောအားဖြင့် အဘိုးကိုမပေးဘဲ ဘုရားသခင်၏ ကျေးဇူးတော်ကြောင့် ဖြောင့်မတ်ရာသို့ ရောက်ရကြ၏။” လို့ ရေးထားတယ်။

ဒါကြောင့်၊ သခင်ယေရှုက ဇေ်ဂေလိဟောပြောတဲ့အချိန်မှာ မင်းတို့ပညတ်တရားကြိုးစားပြီးကျင့်ပါလို့ ပြောတာမဟုတ်ဘူး။ ကုသိုလ်အများကြီး လုပ်ပါလို့လည်း ပြောတာ မဟုတ်ဘူး။ ယေရှု ကျွန်တော်တို့ကို လမ်းပြပေးတဲ့အရာက ဒုတိယမွေးဖွားခြင်း ခံရမယ်။ ဒီအကြောင်းအရာဘဲ လမ်းပြပေးခဲ့ပါတယ်။ ဒုတိယမွေးခြင်း ခံယူပါ။

ဒုတိယမွေးခြင်း ရရှိတဲ့သူရဲ ထူးခြားချက်က အပြစ်သားဖြစ်တဲ့ ကျွန်တော်တို့ကို ထာဝရ အပြစ်လွှတ်ခြင်း ခံရတဲ့အချိန်မှာ သန့်ရှင်းသောဝိဉာဉ်တော်က ကျွန်တော်တို့ အသက်တာမှာ ဆင်းကြွလာပါတယ်။ သန့်ရှင်းသောဝိဉာဉ်တော် ဆင်းကြွလာတဲ့အခါ ကျွန်တော်တို့က အသက်ရှင်တာ မဟုတ်တော့ဘူး။ ယေရှုက ကျွန်တော်တို့အထဲမှာ အသက်ရှင်တာ ဖြစ်ပါတယ်။

ဒါကြောင့်၊ ကျမ်းစာဖတ်မယ်ဆိုရင် ငှက်က မိုးကောင်းကင်ပျံတဲ့အချိန်မှာ ကမ္ဘာကြီးရဲ့ ဆွဲငင်အား ကျော်ပြီးမှ မိုးကောင်းကင်ကို ပျံခွင့်ရတာ ဖြစ်တယ်။ ကမ္ဘာကြီးရဲ့ ဆွဲငင်အားကို ဆန့်ကျင်ပြီး ပျံသန်းတယ်။ အသက်ရှင်တဲ့ ငါးက ရေစီးဆင်းသလို မျှောသွားတာ မဟုတ်ဘဲ၊ ရေစီးဆင်းတာကို ဆန့်ကျင်ပြီးကူးခတ်တယ်။ ဒါကြောင့်၊ သခင်ယေရှုက ဤလောကကို ကြွလာတဲ့အချိန်မှာ လူတတ်နိုင်တဲ့အရာ၊ လုပ်နိုင်တဲ့အရာ လုပ်တာမဟုတ်ဘူး။ ကျွန်တော်တို့ မတတ်နိုင်တဲ့အရာ၊ မလုပ်နိုင်တဲ့အရာတွေကို ယေရှုက လုပ်ပေးတယ်။ ယေရှုက ဤလောကရဲ့ ထုံးစံကို ပေါက်ကွဲစေတယ်။ ရေပေါ်မှာ ဘယ်သူလမ်းလျှောက်လို့ ရမလဲ။ ယေရှုက ရေပေါ်မှာလမ်းလျှောက်တယ်။ ဒီအရာ ဤလောကရဲ့ ထုံးစံနဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။

ဒီလိုဘဲ ဒုတိယမွေးဖွားခြင်းခံရတဲ့ ကျွန်တော်တို့စိတ်ထဲကို သန့်ရှင်းသောဝိညာဉ်တော် ကြွလာတဲ့ အချိန်မှာ ဤလောကရဲ့ ထုံးစံကို ဆန့်ကျင်ပြီးနေဖို့ ခွန်အားရပါတယ်။

ကျွန်တော်တို့က ယုံကြည်ခြင်းအားဖြင့် နှုတ်ကပတ်တော် ပဋိညာဉ်တရားကို ခံယူတဲ့အခါ၊ ကျွန်တော်တို့ မတတ်နိုင်ပေမဲ့၊ ယေရှုက အားလုံးတတ်နိုင်တော်မူတယ်။ စိမ်ခေါ်ချင်တဲ့စိတ်၊ ယုံကြည်ခြင်း၌ ဇဝ်ဂေလိ တရားဟောပြောချင်တဲ့စိတ်၊ ဒီလိုမျိုးစိတ်က စိတ်ထဲမှာအလိုအလျောက်ဖြစ်လာပါတယ်။ သမ္မာကျမ်းစာ ဖတ်တဲ့အခါ နှုတ်ကပတ်တော်ထဲမှာ စီးဆင်းနေတဲ့ ဘုရားသခင်ရဲ့စိတ်သဘောကို တွေ့မြင်ရတယ်။

ဘုရားသခင်ရဲ့စိတ်သဘောကို ရှာဖွေတွေ့ရှိတဲ့သူက ယုံကြည်ခြင်းအားဖြင့် အသက်ရှင်လို့ရတယ်။ ထူးခြားချက် နောက်တစ်ခုကတော့၊ ဘုရားသခင်က ငှက်ကို မဖန်ဆင်းခင် အချိန်မိုးကောင်းကင်ကို ဖန်ဆင်းတယ်။ ငါးကို မဖန်ဆင်းခင် ပင်လယ်ကို အရင်ဖန်ဆင်းတယ်။ ကျေးဇူးတော် အများကြီး ခံစားရတယ်။ မိုးကောင်းကင် မဖန်ဆင်းခင် မင်းတို့ နေစရာ မိုးကောင်းကင်ကိုကိုယ်ဟာကို ပြင်ဆင်ပါ ဆိုရင် ဘယ်လိုမှ မတတ်နိုင်ဘူး။ ပင်လယ် မဖန်ဆင်းခင် ငါးတွေကို မင်းတို့နေစရာ ကိုယ်ဟာကို ပြင်ဆင်ပါလို့ လမ်းပြ မယ်ဆိုရင် ဘာတတ်နိုင်မှာလဲ။ ဘုရားသခင်က ကျွန်တော်တို့ နေစရာအားလုံး ပြင်ဆင်ပြီးမှ ကျွန်တော်တို့ကို မွေ့လျော်တဲ့ စိတ်နဲ့ အသက်ရှင်ခွင့် ပေးပါတယ်။ ဒီအရာက အင်မတန်မှ ကြီးမားတဲ့ ကျေးဇူးတော်ဖြစ်ပါတယ်။

ငှက်တွေ၊ ငါးတွေအတွက် ကြည့်ရှုပြုစု စောင့်ရှောက်ပေးတဲ့ ဘုရားသခင်က မိမိရဲ့ သားသမီးတွေဖြစ်တဲ့ ကျွန်တော်တို့အတွက် မကြည့်ရှု မပြုစုဘဲ မနေဘူး။ ကျွန်တော်တို့ နေစရာအတွက် စိုးရိမ်စရာ မရှိဘူး။ ဇဝ်ဂေလိတရားအတွက် ဆက်ကပ် အပ်နှံတဲ့အခါမှာ လိုအပ်တဲ့အရာအားလုံး ဘုရားသခင် ပြင်ဆင်ပေးပြီးပြီ ဆိုတဲ့အကြောင်း၊ ယုံကြည်ခြင်းနဲ့လမ်းလျှောက်မယ်ဆိုရင် ဘုရားသခင်ရဲ့ပြင်ဆင်မှု တန်ခိုးတော် တွေ့ကြုံနိုင်တယ်ဆိုတဲ့အကြောင်း နှုတ်ကပတ်တော် အားဖြင့် ခွန်အားပေးချင်ပါတယ်။

***Douglas***